ISP ကပြင်ရပ်ဝန်း

ISP ON POINT

အမှတ်-၁၈၊ နိုဝင်ဘာ ၁၂ ရက်၊ ၂၀၂၃ ခုနှစ်

# စစ်ဆင်ရေး ၁၀၂၇

## တရုတ်လိုလားသော တည်ငြိမ်မှုမျှခြေနှင့် မမျှော်မှန်းနိုင်သည့် အန္တရာယ်



ချင်းရွှေဟော်မြို့ကို သိမ်းယူပြီးနောက် နယ်စပ်ဂိတ်လမ်းမအား သန့်ရှင်းရေးလုပ်နေသော MNDAA တပ်ဖွဲ့ဝင်များကို အောက်တိုဘာ ၂၉ ရက်က တွေ့မြင်ရစဉ်။ (PHOTO : The Kokang/Facebook)

ညီနောင်မဟာမိတ်သုံးဖွဲ့နဲ့ ပူးပေါင်းတပ်တွေက ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှာစတင်ခဲ့တဲ့ **'စစ်ဆင်ရေး ၁၀၂၇'**နဲ့ ပတ်သက်ပြီး ISP-Myanmar ရဲ့ သုတေသနတွေ့ရှိချက်တွေအပေါ် အခြေခံတဲ့ လေ့လာဆန်းစစ်မှုတွေကို ကနဦးသုံးသပ်ချက်(OnPoint) သုံးပုဒ်ရေးပြီး ဖော်ပြနေတာပါ။ အခုတပုဒ်မှာ **စစ်ပွဲနဲ့ ခွဲမရအောင်ချိတ်ဆက်နေတဲ့ စီးပွားရေးဆိုင်ရာတွေအပြင် တရုတ်နိုင်ငံရဲ့တုံ့ပြန်ပုံတွေကို** ဖတ်ရပါမယ်။ နိုဝင်ဘာ ၁၀ ရက်က ဖော်ပြခဲ့တဲ့ **OnPoint အမှတ်-၁၇** မှာတော့ **စစ်ပွဲက အချက်ပေးနေပုံ(Signaling Effects)**တွေကိုဖော်ပြထားပါတယ်။ မကြာခင်မှာ **စစ်ဆင်ရေးက မြန်မာ့အနာဂတ်အပေါ် သက်ရောက်ဖြစ်တန်ခြေ**တွေကို ပိုင်းခြားဆန်းစစ်သွားဖို့ ရှိပါတယ်။

## ဖြစ်ရပ်အချက်အလက်

၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှာ ညီနောင်မဟာမိတ်သုံးဖွဲ့နဲ့ ပူးပေါင်းတပ်တွေက 'စစ်ဆင်ရေး ၁၀၂၇'[၁]ကို စတင်လိုက်ပါတယ်။ စစ်ဆင်ရေးစတင်ချိန်ကစလို့ အိမ်နီးချင်း တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံအကြား နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးရဲ့ ၉၁ ရာခိုင်နှုန်းခန့်ရှိတဲ့ မူဆယ်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းကြီးတွေရဲ့ ကုန်သွယ်ရေး ရပ်ဆိုင်းသွားခဲ့ပါတယ်။ တရုတ်နိုင်ငံရဲ့ စီးပွားရေးစီမံကိန်းတွေ အဓိကတည်ရှိတဲ့ (အထူးသဖြင့် စီးပွားရေးစင်္ကြံစီမံကိန်းတွေရဲ့ အစိတ်အပိုင်းဖြစ်တဲ့ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်တွေ တည်ဆောက်ဖို့ရှိတဲ့) ချင်းရွှေဟော်၊ နမ့်ခမ်းနဲ့ ကြူကုတ်(ပန်ဆိုင်း)မြို့တွေကို ညီနောင်မဟာမိတ်သုံးဖွဲ့က သိမ်းယူခဲ့ပါတယ်။ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံလမ်း (CMEC) အပါအဝင် တရုတ်စီမံကိန်းတွေတည်ရှိတဲ့ မန္တလေး-မူဆယ်ရထားလမ်းနဲ့ တရုတ်-မြန်မာ ရေနံနဲ့ သဘာဝဓာတ်ငွေ့ပိုက်လိုင်း၊ နယ်စပ်ဖြတ်ကျော် ဓာတ်အားလိုင်း၊ ဂုတ်ထိပ်တံတားနဲ့ လမ်းစီမံကိန်းတွေ ဖြတ်သွားတဲ့ နောင်ချိုနဲ့ လားရှိုးမြို့အပါအဝင် စီမံကိန်းဒေသ ခုနစ်ခုထက်မနည်းကိုလည်း တစိတ်တပိုင်းထိန်းချုပ်ခဲ့ပါတယ်။


ဒီစစ်ဆင်ရေးနောက်ပိုင်း အောက်တိုဘာ ၂၉ ရက်ကစလို့ တရုတ်နိုင်ငံ ဗဟိုစစ်ကော်မရှင်ဒုတိယဥက္ကဌ ဗိုလ်ချုပ်ကြီး ကျန်းယူရှား (General Zhang Youxia) နဲ့ စစ်ကောင်စီ ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းတို့ တရုတ်နိုင်ငံ ဘေဂျင်းမှာတွေ့ဆုံတာ၊ အောက်တိုဘာ ၃၀ ရက်မှာ တရုတ်နိုင်ငံရဲ့ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီး မစ္စတာဝမ်ရှောင်ဟုန် (Mr. Wang Xiaohong)၊ နိုဝင်ဘာ ၃-၅ ရက်တွေမှာ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာနွန်ရွန် (Mr. Nong Rong) တို့ နေပြည်တော်ကို သီးခြားစီလာရောက်ပြီး စစ်ကောင်စီခေါင်းဆောင်ပိုင်းနဲ့ တွေ့တာတွေ ရှိခဲ့ပါတယ်။ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ်တွေက မြန်မာနိုင်ငံမှာ ချက်ချင်းအပစ်ရပ်ကြဖို့၊ မတူကွဲပြားတာတွေကို တွေ့ဆုံဆွေးနွေးညှိနှိုင်းပြီး ငြိမ်းချမ်းတဲ့နည်းနဲ့ ဖြေရှင်းကြဖို့ ပြောတဲ့အပြင် နယ်စပ်ကို တရုတ်စစ်သားတွေနဲ့ တင့်ကားတွေပါ စေလွှတ်ပြီး လုံခြုံရေးတိုးမြှင့်ထားကြောင်း ကြေညာပါတယ်။ အွန်လိုင်းလိမ်လည်မှုနဲ့ ဆိုက်ဘာကျွန်ပြုမှုတွေကို ဦးဆောင်လုပ်ကိုင်သူတွေဖြစ်တဲ့ တရုတ်နိုင်ငံသားတွေကို ဖမ်းဆီးတာအပြင်

[၁] 'စစ်ဆင်ရေး ၁၀၂၇'တွင် ညီနောင်မဟာမိတ်သုံးဖွဲ့နှင့်အတူ ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA)၊ ဗမာပြည်သူ့လွတ်မြောက်ရေးတပ်တော် (BPLA)၊ PDF (MDY) နှင့် မိုးကုတ်ဗျူဟာ (PDF) တို့လည်း ပါဝင်တိုက်ခိုက်ခဲ့ကြသည်။

# 'စစ်ဆင်ရေး ၁၀၂၇'နှင့် တရုတ်ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများအခြေအနေ

(၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၁၁ ရက်အထိ)

'စစ်ဆင်ရေး ၁၀၂၇' နောက်ပိုင်း ရှမ်းပြည်နယ်မြောက်ပိုင်းရှိ တရုတ်ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများတည်ရှိရာ နေရာများသို့ ညီနောင်မဟာမိတ်နှင့် ပူးပေါင်းတပ်ဖွဲ့များက နယ်မြေချဲ့ထွင်ထိန်းချုပ်ခဲ့သည်။ နိုဝင်ဘာ ၁၁ ရက်အထိ သိရသော အချက်အလက်များအရ တရုတ်ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ တည်ဆောက်ရန်နှင့် အကောင်အထည်ဖော်နေသည့် **နေရာငါးခုကို** ညီနောင်မဟာမိတ်နှင့်ပူးပေါင်းတပ်ဖွဲ့များက **အပြည့်အဝထိန်းချုပ်**ထားပြီး စီမံကိန်းနေရာ **ခုနစ်ခုထက်မနည်း**ကိုလည်း **တစိတ်တပိုင်း ထိန်းချုပ်**ထားခဲ့သည်။




မှတ်ချက် - ရှမ်းပြည်နယ်မြောက်ပိုင်းတွင် အခြား EAOs များ ထိန်းချုပ်လှုပ်ရှားသည့် နယ်မြေများရှိသော်လည်း ယခုမြေပုံတွင် ညီနောင်မဟာမိတ်သုံးဖွဲ့၏ ထိန်းချုပ်နယ်မြေကိုသာ ဖော်ပြထားခြင်း ဖြစ်ပါသည်။
သိန္နီမြို့နှင့် လားရှိုး၊ ကွတ်ခိုင်တစိုက်ကို ပြန်လည် လွှမ်းမိုးမှုရယူထားပြီဖြစ်ကြောင်း စစ်ကောင်စီ ပြောခွင့်ရ ဗိုလ်ချုပ် ဇော်မင်းထွန်းက ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၀ ရက်တွင် သတင်းမီဒီယာများအား ပြောကြားခဲ့သည်။
\ ယင်းပြောဆိုမှုအပေါ် သီးခြားလွတ်လပ်သော အဖွဲ့အစည်းများ၏ အတည်ပြုချက်မရှိသည်ကို သတိပြုရပါမည်။

ရည်ညွှန်း - ISP-Myanmar ၏ လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ အချက်အလက်စုဆောင်းမှုစနစ်နှင့်အညီ စုဆောင်းထားသော အချက်အလက်များ ဖြစ်ပါသည်။ အခြား လွတ်လပ်သောအဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များနှင့် တိုက်ဆိုင်စစ်ဆေးထားပါသည်။ စခန်းတည်နေရာများနှင့် လှုပ်ရှားထိန်းချုပ်ဧရိယာများသည် မြေပြင်အခြေအနေနှင့် အနည်းငယ် ကွဲလွဲမှုရှိနိုင်ပါသည်။


▸ အွန်လိုင်းလိမ်လည်မှု လုပ်ငန်းကြီးတွေမှာ သားကောင်ဖြစ်ရတဲ့ တရုတ်နိုင်ငံသားထောင်ချီကိုလည်း ကယ်ဆယ်ရေးတွေ လုပ်နေပါတယ်။ ဒါ့အပြင် တရုတ်နိုင်ငံနယ်စပ် မိန်းတိန်မြို့ကို ချင်းရွှေဟော်ဘက်ကနေ စစ်ဘေးရှောင်လာတဲ့ မြန်မာစစ်ဘေးဒုက္ခသည်တွေကို တရုတ်အာဏာပိုင်တွေက စောင့်ရှောက်ကူညီထားပါတယ်။

## ■ ကနဦးသုံးသပ်ချက်

မြန်မာနိုင်ငံအတွင်း တရုတ်နိုင်ငံက မြှုပ်နှံထားတဲ့ရင်းနှီးမြှုပ်နှံမှုစုစုပေါင်းရဲ့ ထက်ဝက်နီးပါးဟာ 'စစ်ဆင်ရေး ၁၀၂၇' ဖြစ်ပွားနေတဲ့ ရှမ်းပြည်နယ်မြောက်ပိုင်း(ရှမ်းမြောက်ဒေသ)မှာ တည်ရှိတဲ့အတွက် ဒီစစ်ဆင်ရေးဟာ တရုတ်နိုင်ငံရဲ့ အကျိုးစီးပွားအပေါ် တိုက်ရိုက်သက် ▸

### ■ တရုတ်ရင်းနှီးမြှုပ်နှံမှုစုစုပေါင်း၏ ထက်ဝက်နီးပါး ရှမ်းမြောက်ဒေသတွင် တည်ရှိနေ

မြန်မာတနိုင်ငံလုံးရှိ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ (CMEC) စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံမည့်ပမာဏ စုစုပေါင်းသည် **အမေရိကန်ဒေါ်လာ ၃၅ ဘီလီယံကျော်** ရှိသည်။ ယင်းတို့အနက် ရှမ်းပြည်နယ်မြောက်ပိုင်း (ရှမ်းမြောက်ဒေသ)တွင် အကောင်အထည်ဖော်မည့် CMEC စီမံကိန်း ငါးခု၏ ပမာဏမှာ **အမေရိကန်ဒေါ်လာ ၁၃ ဘီလီယံကျော်** ရှိသည်။ ထို့အပြင် ရှမ်းမြောက်ဒေသရှိ CMEC မဟုတ်သော အခြား တရုတ်ရင်းနှီးမြှုပ်နှံမှုစီမံကိန်း သုံးခုတွင် ရင်းနှီးမြှုပ်နှံမည့်ပမာဏမှာ **အမေရိကန်ဒေါ်လာ လေးဘီလီယံနီးပါး**ရှိပါသည်။ ထို့ကြောင့် တနိုင်ငံလုံးတွင် အကောင်အထည်ဖော်မည့် CMEC စီမံကိန်း ၂၃ ခုအတွက် ရင်းနှီးမြှုပ်နှံမှုပမာဏ၏ **ထက်ဝက်နီးပါး**သည် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသ၌ တည်ရှိနေသည်ကို တွေ့ရသည်။




မှတ်ချက် - တရားဝင်ထုတ်ပြန်ထားသော ကိန်းဂဏန်းများကို အခြေခံကာ ISP-Myanmar က ပိုင်းခြားတွက်ချက်ထားခြင်းဖြစ်သည်။ တရားဝင်ထုတ်ပြန်ထားခြင်းမရှိသော စီမံကိန်းများအား ထည့်သွင်းတွက်ချက်ထားခြင်း မရှိသောကြောင့် မြေပြင်တွင် ယခုထက်ပို၍ များပြားနိုင်ပါသည်။

ရောက်မှုရှိပါတယ်။ အထူးသဖြင့် တရုတ်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုတွေဟာ ချင်းရွှေဟော်-လင်ချန်း၊ မူဆယ်-ရွှေလီ စတဲ့ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် (CBECZ) တွေနဲ့ တရုတ်-မြန်မာစီးပွားရေးစင်္ကြံ (CMEC) အတွက်သာမက၊ မြန်မာနိုင်ငံကတဆင့် သွယ်ယှက်ချိတ်ဆက်မယ့် အပြည်ပြည်ဆိုင်ရာ ကုန်းတွင်း-ရေကြောင်း ကုန်သွယ်ရေးစင်္ကြံ (ILSTC) နဲ့ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးအစီအမံ (LMC) တို့အတွက်ပါ အရေးကြီးပါတယ်။ ဒါ့အပြင် မူဆယ်၊ ချင်းရွှေဟော် နယ်စပ်ဂိတ်နှစ်ခုရဲ့ တရက်ပျမ်းမျှ ကုန်သွယ်မှုတန်ဖိုး စုစုပေါင်းဟာ အမေရိကန်ဒေါ်လာ ၈ ဒသမ ၉၁ သန်းရှိတာမို့ စစ်ဆင်ရေးကြာလာလေ မြန်မာနိုင်ငံဘက်မှာ ကုန်ပစ္စည်းပြတ်လပ်မှု၊ ဈေးခေါင်ခိုက်မှုတွေကို ကြုံလာရနိုင်သလို၊ တရုတ်နိုင်ငံဘက်က နယ်စပ်မြို့တွေမှာလည်း စီးပွားရေးအရ နစ်နာမှုတွေ ရှိနိုင်ပါတယ်။ ဒါကြောင့် ရှမ်းမြောက်ဒေသမှာ တည်ငြိမ်မှုမရှိဘူးဆိုရင်၊ မတည်ငြိမ်မှုဟာ ကာလတာရှည်နေမယ်ဆိုရင် တရုတ်အကျိုးစီးပွားကို နစ်နာစေမှာဖြစ်ပါတယ်။

ဒါပေမဲ့ နိုင်ငံရေးနဲ့ လုံခြုံရေးအရ ရှမ်းမြောက်ဒေသက ရှိရင်းစွဲအာဏာချိန်ခွင်လျှာကို သဘောကျပုံမရတဲ့ တရုတ်နိုင်ငံအတွက် 'စစ်ဆင်ရေး ၁၀၂၇'ဟာ ရေတိုကာလ မတည်ငြိမ်မှုကိုသာဖြစ်စေပြီး အွန်လိုင်းလောင်းကစား လိမ်လည်မှု ကျားဖြန့်ကိစ္စ လတ်တလောအရေးလည်း ပြေလည်မယ်၊ ရေရှည်မှာ ရှမ်းမြောက်ဒေသအတွင်း အာဏာချိန်ခွင်လျှာ အပြောင်းအလဲ (Power Reconfiguration) အသစ်ပြန်ဖြစ်စေမယ်ဆိုရင် လက်ခံနိုင်မယ့်သဘောလို့ သုံးသပ်နိုင်ပါတယ်။ တရုတ်နိုင်ငံအနေနဲ့ စီးပွားရေးမဟာဗျူဟာမှာ အိန္ဒိယသမုဒ္ဒရာထွက်ပေါက်နဲ့ သံလွင်မြစ်ဝှမ်းအပေါ် အဓိက အားပြုစဉ်းစားတယ်ဆိုရင်လည်း သူလိုချင်တဲ့ တည်ငြိမ်မှုမျှခြေရပြီဆိုရင် ရှမ်းမြောက်ဒေသရဲ့ပဋိပက္ခကို ရေတိုယာယီနဲ့ အဆုံးသတ်စေဖို့ ပဋိပက္ခမှာ ပါဝင်နေသူအားလုံးကို စေ့စပ်ရေးအတွက် ဖိအားပေးမယ်လို့ မှန်းဆရပါတယ်။ ဒါပေမဲ့ ပဋိပက္ခမှာပါဝင်နေတဲ့ မြန်မာဇာတ်ကောင်တွေဟာ ကိုယ်စီကိုယ်င စစ်ရေး၊ နိုင်ငံရေး ရည်မှန်းချက်အသီးသီး၊ အတွက်အချက်အသီးသီး အသကအသကနဲ့မို့ ထောင်းလမောင်းကြေ လက်ကုန်တိုက်ကြခိုက်ကြတာမျိုးလည်း ဖြစ်သွားနိုင်ပါတယ် **(ISP OnPoint အမှတ် - ၁၇ နှင့် ဆက်စပ်ဖတ်ရှုပါရန်)**။

စစ်ဆင်ရေး ၁၀၂၇
လမ်းများအားလုံး လောက်ကိုင်သို့လား၊ နေပြည်တော်ဆီလား
SCAN THIS CODE
ISP OnPoint အမှတ်-၁၇

## ■ မူဆယ်၊ ချင်းရွှေဟော် နယ်စပ်ကုန်သွယ်မှုနှင့် ပြည်ပကုန်သွယ်မှု နှိုင်းယှဉ်ချက်
(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ် စက်တင်ဘာလအထိ)

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ် စက်တင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု လအလိုက်ပျမ်းမျှတန်ဖိုးမှာ **အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံကျော်ရှိခဲ့သည်။** ထိုကာလအတွင်း မူဆယ်နှင့် ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေးစခန်း နှစ်ခုပေါင်း၏ လအလိုက် ပျမ်းမျှကုန်သွယ်မှု တန်ဖိုးသည် **အမေရိကန်ဒေါ်လာ သန်း ၂၆၀ ကျော်ရှိခဲ့သ**ဖြင့် ပြည်ပကုန်သွယ်မှု စုစုပေါင်းတန်ဖိုး၏ **၁၀ ရာခိုင်နှုန်းကျော်** ရှိခဲ့သည်။


စုစုပေါင်း အမေရိကန်ဒေါ်လာ ၂.၆၃ ဘီလီယံကျော်




## ■ မူဆယ်နယ်စပ်စခန်း၏ နေ့စဉ် ပျမ်းမျှကုန်သွယ်မှုတန်ဖိုး
(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ် စက်တင်ဘာလအထိ)

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ် စက်တင်ဘာလအတွင်း မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်း၏ နေ့စဉ် ပျမ်းမျှကုန်သွယ်မှုတန်ဖိုးစုစုပေါင်းမှာ **အမေရိကန်ဒေါ်လာ ခုနစ်သန်းကျော်**ရှိခဲ့သည်။ ထိုပမာဏအနက် ပို့ကုန်တန်ဖိုးမှာ **အမေရိကန်ဒေါ်လာ ခြောက်သန်းနီးပါး**ရှိခဲ့ပြီး သွင်းကုန်တန်ဖိုးမှာ **အမေရိကန်ဒေါ်လာ တသန်းခွဲကျော်သာ** ရှိခဲ့သည်။


စုစုပေါင်း အမေရိကန်ဒေါ်လာ ၇.၃၃ သန်းကျော်




## ■ ချင်းရွှေဟော်နယ်စပ်စခန်း၏ နေ့စဉ် ပျမ်းမျှကုန်သွယ်မှုတန်ဖိုး
(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ် စက်တင်ဘာလအထိ)

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ် စက်တင်ဘာလအတွင်း ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်း၏ နေ့စဉ်ပျမ်းမျှ ကုန်သွယ်မှုတန်ဖိုးစုစုပေါင်းမှာ **အမေရိကန်ဒေါ်လာ တသန်းခွဲကျော်**ရှိခဲ့သည်။ ထိုပမာဏအနက် ပို့ကုန်တန်ဖိုးသည် **အမေရိကန်ဒေါ်လာ ခြောက်သိန်းကျော်**ရှိခဲ့ပြီး သွင်းကုန်တန်ဖိုးမှာ **အမေရိကန်ဒေါ်လာ တသန်းနီးပါး**ရှိခဲ့သည်။

စုစုပေါင်း အမေရိကန်ဒေါ်လာ ၁.၅၈ သန်းကျော်




ရည်ညွှန်း - စစ်ကောင်စီ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လအလိုက်ထုတ်ပြန်သည့် ကိန်းဂဏန်းများကို အခြေခံကာ ISP-Myanmar က ပိုင်းခြားစိစစ်ထားခြင်းဖြစ်သည်။

အခုဆိုရင် ရှမ်းမြောက်ဒေသအတွင်း တရုတ်-မြန်မာစီးပွားရေးစင်္ကြံစီမံကိန်း အကောင်အထည်ဖော်မယ့်နေရာတွေထဲက ချင်းရွှေဟော်-လင်ချန်း နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် (CBECZ) ကို ညီနောင်မဟာမိတ်သုံးဖွဲ့နဲ့ ပူးပေါင်းတပ်တွေက အပြည့်အဝထိန်းချုပ်ထားပါတယ်။ CBECZ တည်ဆောက်မယ့် နမ့်ခမ်းနဲ့ ကြူကုတ်(ပန်ဆိုင်း)ကိုလည်း ထိန်းချုပ်ထားသလို၊ မူဆယ်-ရွှေလီ နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ဆောက်မယ့်နေရာကိုလည်း တစိတ်တပိုင်း ထိန်းချုပ်ထားပါတယ်။ ဒါ့အပြင် တရုတ်-မြန်မာ ကုန်သွယ်ရေးအတွက် အရေးပါတဲ့ ကွမ်းလုံတံတားနဲ့ ကွမ်းလုံဆည်တို့ကိုလည်း ညီနောင်မဟာမိတ်သုံးဖွဲ့နဲ့ ပူးပေါင်းတပ်တွေက အပြည့်အဝ ထိန်းချုပ်လိုက်ပါတယ်။ တခါ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကြီးတွေ ဖြတ်သွားတဲ့ သိန္နီမြို့ကိုလည်း အပြည့်အဝထိန်းချုပ်ခဲ့သလို[၂]၊ မန္တလေး-မူဆယ်ရထားလမ်းနဲ့ တရုတ်-မြန်မာ ရေနံနဲ့သဘာဝဓာတ်ငွေ့ပိုက်လိုင်း၊ နယ်စပ်ဖြတ်ကျော်ဓာတ်အားလိုင်း၊ ဂုတ်ထိပ်တံတားနဲ့ လမ်းစီမံကိန်းတွေ ဖြတ်သန်းသွားတဲ့ နောင်ချိုနဲ့ လားရှိုးမြို့ကိုလည်း တစိတ်တပိုင်း ထိန်းချုပ်ထားပါတယ်။ အရေအတွက်အားဖြင့် 'စစ်ဆင်ရေး ၁၀၂၇'နောက်ပိုင်း (နိုဝင်ဘာ ၁၀ ရက်အထိ) တရုတ်စီမံကိန်းတွေ တည်ဆောက်မယ့်နေရာ ငါးခုကို အပြည့်အဝထိန်းချုပ်ထားပြီး ကျန်တဲ့ စီမံကိန်းနေရာ ခုနစ်ခုထက်မနည်းကိုလည်း တစိတ်တပိုင်းထိန်းချုပ်ခဲ့တာ တွေ့ရပါတယ်။

'စစ်ဆင်ရေး ၁၀၂၇'နဲ့ပတ်သက်လို့ တရုတ်နိုင်ငံဘက်က တုံ့ပြန်ပုံတွေကို ၂၀၁၅ ခုနှစ်နဲ့ ၂၀၂၁ ခုနှစ်အချိန်တွေတုန်းက တရုတ်နယ်စပ်တွေမှာဖြစ်ခဲ့တဲ့ စစ်ရေးပဋိပက္ခတွေနဲ့ နှိုင်းယှဉ်လေ့လာကြည့်ရင်လည်း ဒေါသတကြီး ပြင်းထန်တာမျိုးကို သိပ်မတွေ့ရပါဘူး။ "အပစ်အခတ်ရပ်စဲ ဆွေးနွေးကြပါ"ဆိုတဲ့ ပြောရိုးပြောစဉ်အပြင် နယ်စပ်လုံခြုံရေး ထိန်းသိမ်းဖို့၊ တရုတ်နိုင်ငံသားတွေရဲ့ပိုင်ဆိုင်မှုတွေကို ကာကွယ်ပေးဖို့၊ တရုတ်အရာရှိတွေ၊ စီမံကိန်းတွေ၊ အဖွဲ့အစည်းတွေ လုံခြုံရေးအားကောင်းဖို့ စတာတွေအတွက် ပူးပေါင်းဆောင်ရွက်ဖို့ ဆိုတာမျိုးတွေကိုသာ တောင်းဆိုပါတယ်။ အရင်ကဆိုရင် စစ်ရေးပဋိပက္ခမှာပါဝင်တဲ့ မြန်မာစစ်တပ်နဲ့ တိုင်းရင်းသားလက်နက်ကိုင် (EAOs) တွေ စတဲ့ အင်အားစုအားလုံးကို လိပ်မူပြီးစာပို့တာ၊ ချက်ချင်းအပစ်ရပ်ခိုင်းတာမျိုးတွေ လုပ်ခဲ့ပေမဲ့ အခုတကြိမ်မှာတော့ ကာယကံရှင်တွေကို တွန်းတွန်းတိုက်တိုက် ဖိအားပေးနေတာ မရှိသေးဘူးလို့ လေ့လာသိရှိရပါတယ်။ ဒါပေမဲ့ 'စစ်ဆင်ရေး ၁၀၂၇' စတင်ပြီးနောက်ပိုင်း ညီနောင်မဟာမိတ်သုံးဖွဲ့အပြင် ကချင်

---

[၂] သိန္နီမြို့နှင့် လားရှိုး၊ ကွတ်ခိုင်တဝိုက်ကို ပြန်လည် လွှမ်းမိုးမှုရယူထားပြီဖြစ်ကြောင်း စစ်ကောင်စီ ပြောခွင့်ရဗိုလ်ချုပ် ဇော်မင်းထွန်းက ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၀ ရက်တွင် သတင်းမီဒီယာများအား ပြောကြားခဲ့သည်။ ယင်းပြောဆိုမှုအပေါ် သီးခြားလွတ်လပ်သော အဖွဲ့အစည်းများ၏ အတည်ပြုချက်မရှိသည်ကို သတိပြုရပါမည်။

## 'စစ်ဆင်ရေး ၁၀၂၇'အပေါ် တရုတ်နိုင်ငံ၏ တုံ့ပြန်မှု

(၂၀၂၃ အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၁၀ ရက်အထိ)

**အောက်တိုဘာ ၂၇**

တရုတ်-မြန်မာနယ်စပ်ဒေသ တည်ငြိမ်ရေးနှင့် ပဋိပက္ခ အရှိန်မမြင့်စေရန်အတွက် တွေ့ဆုံဆွေးနွေးမှုများနှင့် ထိရောက်သောလုပ်ငန်းစဉ်များ လုပ်ဆောင်ရန် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မစ္စမော်နင် (Ms. Mao Ning) က ပြောကြားခဲ့သည်။

**အောက်တိုဘာ ၂၉**

တရုတ်နိုင်ငံဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ကျန်းယူရှား (General Zhang Youxia) နှင့် စစ်ကောင်စီ ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းတို့ ဘေဂျင်းမြို့တွင် တွေ့ဆုံ၍ နယ်စပ်ဒေသလုံခြုံရေးကိစ္စရပ်များ ဆွေးနွေးခဲ့သည်။

**အောက်တိုဘာ ၃၀**

တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီး မစ္စတာ ဝမ်ရှောင်ဟုန် (Mr. Wang Xiaohong) သည် စစ်ကောင်စီ ပြည်ထဲရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် တိုးရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး၊ လူဝင်မှုကြီးကြပ်ရေး ဒုတိယဝန်ကြီး ဦးဌေးလှိုင်တို့နှင့် နေပြည်တော်တွင် တွေ့ဆုံခဲ့သည်။

**အောက်တိုဘာ ၃၁**

တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီး မစ္စတာ ဝမ်ရှောင်ဟုန် (Mr. Wang Xiaohong) နှင့် စစ်ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့ နေပြည်တော်တွင် တွေ့ဆုံခဲ့သည်။ တရုတ်-မြန်မာ နယ်စပ်ဒေသတည်ငြိမ်ရေးနှင့် ပဋိပက္ခ အရှိန်မမြင့်စေရေးအတွက် တွေ့ဆုံဆွေးနွေးမှုများနှင့် ထိရောက်သော လုပ်ငန်းစဉ်များ လုပ်ဆောင်ရန် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မစ္စတာဝမ်ဝိန်းပင်း (Mr. Wang Wenbin) ကလည်း ပုံမှန်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

**နိုဝင်ဘာ ၂**

ရှမ်းမြောက်ဒေသပဋိပက္ခနှင့်ပတ်သက်၍ သက်ဆိုင်သူအားလုံး ချက်ချင်းအပစ်ရပ်ကြရန်၊ မတူကွဲပြားမှုများကို တွေ့ဆုံဆွေးနွေးညှိနှိုင်းပြီး ဖြေရှင်းရန် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မစ္စတာဝမ်ဝိန်းပင်း (Mr. Wang Wenbin) က ဒုတိယအကြိမ် ထပ်မံတိုက်တွန်းပြောကြားခဲ့သည်။

**နိုဝင်ဘာ ၃-၅**

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာနွန်ရွှန် (Mr. Nong Rong) သည် စစ်ကောင်စီ နိုင်ငံခြားရေးဝန်ကြီး ဦးသန်းဆွေ၊ ဒုတိယဝန်ကြီး ဦးလွင်ဦးတို့နှင့် တွေ့ဆုံကာ အခြေခံဥပဒေနှင့် တရားဥပဒေမူဘောင်အောက်မှတဆင့် သဘောထားကွဲလွဲမှုများကို တွေ့ဆုံဆွေးနွေးရန် တိုက်တွန်းခဲ့သည်။ ထို့အပြင် နယ်စပ်တည်ငြိမ်မှုကို ထိန်းသိမ်းရန်နှင့် တရုတ်-မြန်မာနယ်စပ်ရှိ ပြည်သူများ၏ ဘေးကင်းလုံခြုံမှု၊ မြန်မာနိုင်ငံရှိ တရုတ်နိုင်ငံသားများ၊ အဖွဲ့အစည်းနှင့် စီမံကိန်းများ၏ လုံခြုံမှုကို အာမခံပေးစေလိုကြောင်း ပြောခဲ့သည်။

**နိုဝင်ဘာ ၁၀**

ရှမ်းမြောက်ပဋိပက္ခနှင့်သက်ဆိုင်သူအားလုံးကို ချက်ချင်းအပစ်ရပ်ကြရန်နှင့် တရုတ်-မြန်မာ နှစ်နိုင်ငံနယ်စပ်တွင် လုံခြုံရေးနှင့် တည်ငြိမ်ရေးကို အာမခံချက်ပေးရန် AFP သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းမှုမှတဆင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မစ္စတာဝမ်ဝိန်းပင်း (Mr. Wang Wenbin) က တတိယအကြိမ် တိုက်တွန်းခဲ့သည်။ ထို့အပြင် ရိုက်တာသတင်းဌာန၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားရာ၌ ရှမ်းမြောက်ပဋိပက္ခအပေါ်တွင် စိုးရိမ်ပူပန်ကြောင်း၊ သက်ဆိုင်သူများအနေနှင့် တိုက်ပွဲများကို ချက်ချင်းရပ်တန့်ပေးရန်နှင့် တရုတ်-မြန်မာ နှစ်နိုင်ငံအကြား စီမံကိန်းများနှင့် စီးပွားရေးလုပ်ငန်းများ၏ လုံခြုံရေးကို အာမခံစေလိုကြောင်း မစ္စတာဝမ်ဝိန်းပင်း က ထပ်မံတိုက်တွန်းခဲ့သည်။ တရုတ်-မြန်မာ နှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း၏ လုံခြုံရေးနှင့်ပတ်သက်၍ "ထိုစီမံကိန်းသည် နှစ်နိုင်ငံအကြား အရေးပါသော စီမံကိန်းတခုဖြစ်ပြီး ပဋိပက္ခကြောင့် ထိခိုက်မှုမရှိကြောင်း" ပြောကြားခဲ့သည်။

လွတ်လပ်ရေးအဖွဲ့ (KIO) က ကိုယ်စားလှယ်တွေကို တရုတ်နိုင်ငံရဲ့ မြန်မာ့အရေး အထူးကိုယ်စားလှယ်က သီးခြားစီ ခေါ်ယူတွေ့ဆုံတယ်ဆိုတဲ့ သတင်းတွေ ထွက်ခဲ့ပါတယ်။ ဒီသတင်းတွေ မှန်၊ မမှန် ထပ်မံဆန်းစစ်ဖို့ လိုနေသေးပေမဲ့ တရုတ်နိုင်ငံအနေနဲ့ ပဋိပက္ခကြောင့် ဖြစ်မယ့် ရေတိုမတည်ငြိမ်မှုကို လက်ခံဖို့ပြင်ဆင်ထားတာလားဆိုတာ ဆက်စပ်စဉ်းစားစရာ ဖြစ်ပါတယ်။

တချိန်တည်းမှာ တရုတ်နိုင်ငံဟာ သူတို့နဲ့နီးစပ်မှုရှိတဲ့ EAOs တွေဆီကတဆင့် 'စစ်ဆင်ရေး ၁၀၂၇'ရဲ့ ရည်မှန်းချက်ဆိုင်ရာ အချက်အလက်တွေသာမက ကျန်ပေါင်းစပ်ဆင်နွှဲနေတဲ့၊ ဆင်နွှဲနိုင်ခြေရှိတဲ့ စစ်ဆင်ရေးတွေရဲ့ အလားအလာကိုပါ သိရှိထား၊ ချင့်တွက်ထားနိုင်စွမ်းရှိလို့ စိတ်ချနေတာလည်း ဖြစ်နိုင်ပါတယ်။ အခုချိန်အထိလည်း စစ်ရေးလိုအပ်ချက်အရ အထိအခိုက်တချို့ကလွဲလို့ 'စစ်ဆင်ရေး ၁၀၂၇'နဲ့ ကျန်ချိတ်ဆက်စစ်ဆင်ရေးတွေဟာ တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံထားတဲ့ စီးပွားရေးစီမံကိန်းတွေနဲ့ အကျိုးစီးပွားတွေကို တမင်ရည်ရွယ်ဖျက်ဆီးတာ၊ ဖောက်ခွဲတာမျိုးတွေလည်း မရှိသေးပါဘူး။ စစ်ကောင်စီကို ဆန့်ကျင်တိုက်ခိုက်ကြတဲ့ တော်လှန်ရေးအင်အားစုအသီးသီးရဲ့ စိတ်ဓာတ်၊ စွမ်းဆောင်ရည်နဲ့ လူထုထောက်ခံမှုကိုလည်း တရုတ်နိုင်ငံက သတိပြုမိ၊ ချိန်ဆထည့်သွင်းစဉ်းစားပုံ ရပါတယ်။ တရုတ်နိုင်ငံရဲ့ အကျိုးစီးပွားသာမက၊ မြန်မာနိုင်ငံတွင်းက တရုတ်နိုင်ငံသားတွေရဲ့ လုံခြုံရေးမပျက်ပြားစေဘဲနဲ့ တရုတ်ဆန့်ကျင်ရေး သဘောထားတွေကို ရှောင်ရှားပြီး လိုလားအပ်တဲ့ တည်ငြိမ်မှုမျှခြေကိုရမယ်ဆိုရင် တရုတ်နိုင်ငံအတွက် သားရွှေအိုးထမ်းကိန်းပါပဲ။ အခုလည်း ဗမာလူငယ်တော်လှန်ရေးသမားအများစုနဲ့ EAOs ခေါင်းဆောင်တချို့ရဲ့ "ဒီစစ်ဆင်ရေးတွေဟာ တရုတ်နဲ့ ဘာမှမဆိုင်ဘူး၊ တော်လှန်ရေးသမားတွေက ကိုယ့်ဓားကိုယ်ထမ်း၊ ကိုယ့်လမ်းကိုယ်ထွင်ဖောက်တာ" ဆိုတဲ့ စိတ်တက်ကြွဖွယ် တော်လှန်ရေးကိုယ်ထူကိုယ်ထဇာတ်ကြောင်းပြော (Narrative) အသံကျယ်လောင်လေ၊ မြန်မာလူထုအတွင်း ထစ်ခနဲရှိ ဟုန်းခနဲထတောက်လေ့ရှိတဲ့ တရုတ်ဆန့်ကျင်ရေးသဘောထားကို အလိုလိုလက်ရှောင်ပြီးသားဖြစ်လေပါပဲ။ တရုတ်နိုင်ငံအတွက် အရေးအကြီးဆုံးစိန်ခေါ်မှုက မြန်မာ့ပဋိပက္ခဇာတ်ကောင်အင်အားစုအားလုံးကို ပဋိပက္ခနှုတ်ခမ်းသတ်ဖို့ ဘယ်အချိန်လောက်မှာ ပျားရည်နဲ့ ဝမ်းချနိုင်မလဲ၊ ဓားကြိမ်း ကြိမ်းတန်ကြိမ်းနိုင်မလဲ ဆိုတာပါပဲ။

## ■ ဖြစ်တန်ခြေအကဲဖြတ်ချက်

တရုတ်နိုင်ငံအနေနဲ့ အထက်မှာဖော်ပြခဲ့တဲ့ နိုင်ငံရေး၊ လုံခြုံရေးနဲ့ စီးပွားရေးအကျိုးစီးပွားအထွေထွေတွေကြောင့် ရှမ်းမြောက်သံလွင်မြစ်ဝှမ်းဆိုတဲ့ ဒေသအကန့်အသတ်၊ သုံးလဝန်း

ကျင်ထက် မပိုစေမယ့် ကာလအကန့်အသတ်နဲ့ 'စစ်ဆင်ရေး ၁၀၂၇'ကို လက်ခံဖွယ်ရှိနိုင်ပါတယ်။ ဒါပေမဲ့ ဒီစစ်ဆင်ရေးကနေ ရှမ်းမြောက်ဒေသမှာသာမက နေပြည်တော်အထိပါ အာဏာချိန်ခွင်လျှာ အပြောင်းအလဲဖြစ်သွားမှာ၊ အနောက်နိုင်ငံတွေနဲ့ ဆက်စပ်တယ်လို့ တရုတ်နိုင်ငံက သံသယရှိတဲ့ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ ပြည်သူ့ကာကွယ်ရေးတပ် (PDF) စတဲ့အင်အားစုတွေက နေပြည်တော်အာဏာပလ္လင်မှာ အစားထိုးလာမှာကိုတော့ လက်ခံဖို့ အဆင်သင့်ဖြစ်ဖွယ်မရှိသေးဘူးလို့ သုံးသပ်နိုင်ပါတယ်။ ဒါ့အပြင် စစ်ရေးပဋိပက္ခ တာရှည်လာရင် ရုရှားနိုင်ငံနဲ့ အမေရိကန်ပြည်ထောင်စုလို အင်အားကြီးနိုင်ငံတွေက ဝင်ပေါက်အမျိုးမျိုး၊ ပုံစံအသွယ်သွယ်နဲ့ ဝင်ပါလာမှာကိုလည်း တရုတ်နိုင်ငံက ပူပန်တာမို့ စစ်ဘောင်ကျယ်တာနဲ့ စစ်တာရှည်မှာကို တရုတ်နိုင်ငံက လက်ခံချင်ဖွယ်မရှိပါဘူး။ ပဋိပက္ခတိုင်းမှာ မမျှော်မှန်းနိုင်တဲ့ အပြောင်းအလဲ၊ အချိုးအကွေ့၊ အတက်အကျ (Dynamics) တွေ၊ မောင်းနှင်အားတွေ ရှိတတ်တာမို့ စင်းလုံးချော ကြံတိုင်းအောင်လို့ ဆောင်တိုင်းပေါက်တတ်တာမဟုတ်ဘူး၊ အန္တရာယ်တောထဲ အရဲစွန့်ရတာမျိုး ရှိတတ်တယ်ဆိုတာကိုလည်း တရုတ်နိုင်ငံက တွက်ဆထားမှာ သေချာလောက်ပါတယ်။ ■

## အမှားပြင်ဆင်ချက်

၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၀ ရက်တွင် ဖြန့်ချိခဲ့သော ISP OnPoint အမှတ် - ၁၇၊ စာမျက်နှာ - ၅ တွင် ပါရှိသော "**လက်ရှိကိုးကန့်ခေါင်းဆောင် ပယ်စောက်ချိန်ကို ဒီကိစ္စကိုင်တွယ်ဖို့...**" အစား "**ပယ်စောက်ချိန်ကို ဒီကိစ္စကိုင်တွယ်ဖို့...**" ဟု လည်းကောင်း၊ စာမျက်နှာ - ၁၂ တွင် ပါရှိသည့် " ... **ဥက္ကဋ္ဌအဖြစ် ဗိုလ်မှူးကြီး ဝေဆန်း (အငြိမ်းစား) က တာဝန်ယူခဲ့ပြီး သားဖြစ်သူ ဦးမောင်မောင် (Fully Light စီးပွားရေးအင်ပါယာခေါင်းဆောင်) က အဖွဲ့ဝင်အဖြစ်**" အစား "**ဥက္ကဋ္ဌအဖြစ် ဗိုလ်မှူးကြီး ဝေဆန်း (အငြိမ်းစား) က တာဝန်ယူခဲ့ပြီး သားဖြစ်သူ ဦးမောင်မောင် (ခ) ဦးဝေမောင်မောင်က အဖွဲ့ဝင်အဖြစ်**"ဟု လည်းကောင်း ပြင်ဆင်ဖတ်ရှုပေးပါရန်နှင့် ထိုစာကြောင်းနှင့် တဆက်တည်း ဖြစ်နေသည့် "**ဦးမောင်မောင်မှာ မကြာသေးခင်က တရုတ်အစိုးရ၏ ဖမ်းဆီးခြင်းခံထားရသည်**" စာကြောင်းတခုလုံးအား ပယ်ဖျက်ကြောင်း အမှားပြင်ဆင် အသိပေးအပ်ပါသည်။

www.ISPMyanmar.com/community

# ISP Gabyin Community

## ISP ကပြင်ရပ်ဝန်း

Promoting Shared Reality, Appreciating Diversity, and Imagining Possibilities

+66 80 747 9712

PO Box 149, Chiang Mai University PO, Chiang Mai 50202